စိတ်ကူးချိုချိုအနုပညာ


mgyoe.com

# အဓိပ္ပာယ်ရှိသော ခေါင်းစည်း

ကဗျာများ

**မောင်သင်းမိုး**

mgyoe.com


mgyoe.com
အဓိပ္ပာယ်
ရှိသော
ခေါင်းစည်း
ကဗျာများ
မောင်သင်းမိုး
nw0012
1300.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အပ်အက်စ်အို
၂၀၁၄၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

၈၉၈ · ၈၄
အစိမ့်ပွာယ်ရှိသောခေါင်းစည်း
ဟောင်သင်းမိုး - နေ့ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၁၁၄ မျက်နှာ၊ ၁၄ စင်တီ x ၂၁ စင်တီ
(၁) အစိမ့်ပွာယ်ရှိသောခေါင်းစည်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အဓိပ္ပာယ်ရှိသော ခေါင်းစည်း

ကဗျာများ

မောင်သင်းမိုး

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အဓိပ္ပာယ်ရှိသော ခေါင်းစည်း


မောင်သင်းမိုး၏ ကိုယ်ရေးအကျဉ်း က

မောင်သင်းမိုး ကဗျာပိုင်လူတန်းစား ဂ

ခင်အောင်အေး ပို့စ်မော်ဒန်နှင့် ပုဏ္ဏားနတ်သမီးရကိန်း၊ ခြောက်သွေ့ရာသီ အိပ်မက်ဆဲနှစ်ရဲ့ တစ္ဆေများ ဃ

မောင်အောင်ပွင့် ကဗျာကဘုရားသခင် အချက်ပေးသံကို ကြားတယ်၊ ကဗျာက အကင်းပါးတယ် ဆ

၁။ ခတ်ပုံ ၁

၂။ ကနောင် ၂

၃။ စာတစ်စောင် ၄

၄။ ပိုက်ကွန် ၅

၅။ အခန်းပျောက် ၆

၆။ လိပ်ပြာ ၇

၇။ ငါ့ကိုကိုက်တဲ့ အနာ ၈

၈။ မိုးစက်ပွင့်ရေ ၉

၉။ ကဗျာဆရာ ၁၁

၁၀။ မောင်သင်းမိုးရဲ့ ဂျာကင် (၁၉၈၁) ၁၂

၁၁။ မီးကျွမ်းနေသော ညှော်နံ့များ ၁၃

၁၂။ သကြန်မကျသော သကြန် ၁၄


mgyoe.com

mgyoe.com

၁၃။ သွေးမစို့တဲ့ ဒဏ်ရာ ၁၅
၁၄။ အမုန်းသခင်မ ၁၆
၁၅။ သမုဒယသဇင် ၁၇
၁၆။ သမိုင်းစာအုပ်မဆုံးမီ (၁၅) မိနစ် ၁၉
၁၇။ မမမုန်းမဲ့ မောင်မမိုက် ၂၀
၁၈။ သူတို့တွေ ဘယ်ဆီသွားနေတာလဲ ၂၁
၁၉။ သိန်းငှက်လက်သည်း ၂၂
၂၀။ ကြာသုန္ဒရီ ၂၃
၂၁။ အသည်းပေါင်းထမင်း ၂၅
၂၂။ ကျောနံပါတ်အသစ် ၂၆
၂၃။ ဒီဇင်ဘာ ဗဲလဒ် ၂၇
၂၄။ တနင်္လာနေ့ ၂၈
၂၅။ ကြောင်မလေးရေ ၂၉
၂၆။ ပုသိမ်အမြန်ညရထား ၃၁
၂၇။ မျက်လုံးညိုညို ၃၃
၂၈။ ညီမလေးကို မနက်ခင်းလို့အမည်ပေး ၃၄
၂၉။ ကားတစ္ဆေ ၃၅
၃၀။ အိပ်မက်ဇာတ်ခုံ ၃၉
၃၁။ အရိုင်းတေး ၄၀
၃၂။ သွေးအေးသူ ၄၁
၃၃။ မွေးနေ့ပွဲ ၄၂
၃၄။ သား ၄၃
၃၅။ နားရွက် ၄၄
၃၆။ အဓိပ္ပာယ်ရှိသော ခေါင်းစည်း ၄၅
၃၇။ ကြယ်တွေအိပ်တဲ့ ည ၄၆
၃၈။ ညကရေးတဲ့စာ ၄၇
၃၉။ ရွက်တိုင်ဖျားက တီရှပ်အဝါ ၄၉
၄၀။ ဆံသဆရာ ကိုဖိုးချွန် ၅၁
၄၁။ အလုပ်တွေ ရှုပ်နေတာပဲ ၅၃

mgyoe.com

mgyoe.com

၄၂။ အသည်းကွဲမြို့ ၅၆
၄၃။ အသက်ရန့် ၅၇
၄၄။ အရည်ပျော်နာရီ ၅၈
၄၅။ မိုးမတိတ်တဲ့ ရွာ ၅၉
၄၆။ ရေးလက်စ အရေးအသား ၆၀
၄၇။ နှုတ်ခမ်းနီ ဆိုးဆေးဘူး ၆၂
၄၈။ ဝင်ရိုးစွန်းမျက်ရည် ၆၃
၄၉။ ကျီးအော်သံ ၆၄
၅၀။ အရောင်များ၏ ငှို့ခက်ခြင်း ၆၆
၅၁။ ဒရက်ကူလာ ရုပ်ရှင်ကြည့်ခြင်း ၆၈
၅၂။ လီယိုတော် စတွိုင်းပြတိုက် ၇၀
၅၃။ လက်ကိုင်ပဝါပေါ်က ပန်းပွင့်အနီ ၇၂
၅၄။ ပျူလုလင်ပျို ၇၄
၅၅။ မဆိုစကောင်းဆိုစကောင်း ၇၉
၅၆။ ကဗျာရှည် ၈၁
၅၇။ အချစ်ချိုမြိန်သော အရသာ တဏှာရမက်နှင့် ၈၂
၅၈။ ယင်းအနာ ၈၃
၅၉။ အိမ် ၈၅
၆၀။ သူ့မေမေဟာ ဘယ်သူလဲ မေမေ ၈၆
၆၁။ ကြောင်နှုတ်ခမ်းမွေးကို ကြိုးနဲ့ချည် ၈၇
၆၂။ မိုး ၈၈
၆၃။ ခေါ်သံဝေးဝေး ၈၉
၆၄။ လက်ဆောင် ၉၁
၆၅။ ဦးထုပ်ဖြူဖြူ မဝယ်ဖြစ်တဲ့နေ့ ၉၂
၆၆။ လမင်းကို ဒီရေနဲ့ပွတ်သပ် ၉၄
၆၇။ ငယ်ချစ်ဦး ၉၆
၆၈။ ပြင်ဆင်ဖတ်ရှုပါရန် ၉၈
၆၉။ နမ်းဖို့မေ့နေတဲ့ နှုတ်ခမ်းတစ်စုံ ၉၉

mgyoe.com

mgyoe.com


၇၀။ ဟန်ဆောင်ကောင်းတဲ့ကောင် ၁၀၀

၇၁။ မမှတ်မိတဲ့ ညနေခင်း ၁၀၁

၇၂။ အတောင်ပံများ ၁၀၂

၇၃။ ပြောပြော မြန်မြန်ပြော ၁၀၃

၇၄။ ခေါင်းစဉ် ၁၀၅

၇၅။ ငါ့ရင်ထဲမှာ ၁၀၇

၇၆။ မြေပုံတစ်ချပ်နှင့် မီးယပ်ခေါင်းကိုက် ၁၀၈

၇၇။ ဝါဖန့်ဖန့် ၁၀၉

၇၈။ ဇာတ်သိမ်း ၁၁၀

၇၉။ ထင်းရှူးမြိုင် ၁၁၁

၈၀။ မင်္ဂလာသတို့သား ၁၁၂


❑

mgyoe.com

mgyoe.com



# အစိပ္ပာယ်ရှိသော ခေါင်းစည်း

## မောင်သင်းမိုး၏ ကိုယ်ရေးအကျဉ်း

*အမည်ရင်း၊ ငွေထွန်းဦး၊ မြန်မာ၊ ဗုဒ္ဓဘာသာ၊ ဇာတိ၊ကနောင်မြို့။*
*မိဘ၊ ဦးမြဦးမောင်၊ ဒေါ်လှမြင့်၊ ၁၉၅၃ ခုနှစ်၊စက်တင်ဘာလ*
*(၂၈) ရက်မွေးဖွား။*
*မွေးချင်း (၅) ယောက်ရှိ၊ ဒုတိယသား*

ငယ်စဉ်ကပင် စာပေဝါသနာပါပြီး အချစ်တော်၊ ချိုတေးရှင်၊ တိုင်းရင်းမေ၊ သင့်ဘဝ၊ စန္ဒာမဂ္ဂဇင်းများတွင် ရေးသားခဲ့။ ၁၉၇၀ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက် အဖြစ်ဆောင်ရွက်၊ ၁၉၇၀ ခုနှစ်၊ ဩဂုတ်လထုတ် မိုးဝေမဂ္ဂဇင်းတွင် ကဗျာပိုင်လူတန်းစားကဗျာကို ကနောင်မောင်သင်းမိုးအမည်ဖြင့် ရေးသား၊ ဂီတပဒေသာ၊ ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းနှင့် အခြားမဂ္ဂဇင်းများတွင် ဆက်လက်ရေးသား၊ ခိုင်ရှင်မင်းအမည်ဖြင့် ရှုမဝ၊ မိုးဝေနှင့် စုပေါင်းဝတ္ထုတိုစုများတွင် ရေးသား (၇-၇-၇၇) ဒေါ်သင်းသင်းဝေနှင့် အိမ်ထောင်ကျ၊ အမုန်းဆိုတဲ့ မျဉ်းမာ၊ အပူရောင်ဆေးရေးသောကပန်းချီပြပွဲ (၁၉၇၇) ကဗျာစာအုပ်အား သက်ဆိုင်ရာမှ သိမ်းဆည်းခံရ။

ဟသ်ာတခရိုင်မှ ကဗျာဆရာများနှင့် မငြိမ်းချမ်းနဲ့ ကဗျာ၊ (သက်ဆိုင်ရာမှ အရေးယူခံရ) နွားခြေရာ ခွက်ထဲက ရေနည်းငါး။ တက္ကသိုလ်မှ သူငယ်ချင်းများနှင့်

mgyoe.com

mgyoe.com


ဩဂုတ်စ်ရစ်သမ် (၁၉၈၂) အနာဂတ်ရဲ့ ကွာလတီ၊ အက်စ်သက်တစ်လွင်ပြင် မင်ကူး ကဗျာ များတွင် ပါဝင်ခဲ့။

စည်းကမ်းသတင်းစာ (၁၉၈၈) ကြိုးပမ်းရာတွင်ပါဝင်၊ လမ်းလျှောက်သူများ (၁၉၈၂) (စုပေါင်း၊ မိုးသောက်စာပေ) ဧရာဝတီနှုတ်ခမ်းပေါ်မှ နှင်းရည်ဆမ်းသောအိပ်မက် (၁၉၈၃) (စုပေါင်း၊ နေခြည်ဆူးပွင့်စာပေ) ပျော်ပျော်ရွှင်ရွှင်ကဗျာပုံပြင် (၂၀၁၁) (စိတ်ကူးချိုချိုစာပေ) ထုတ်ဝေခဲ့၊ အလုပ်အကိုင်၊ စာရင်းကိုင် (၂)၊ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန၊ နေရပ် ၂၅၈ (ခ) ဓနသိဒ္ဓိလမ်း (၅၄) ရပ်ကွက်၊ ဒဂုံတောင်၊ ရန်ကုန်မြို့ အောင်ထက်နှင့် ရဲရင့်မြင့်မိုရ် သား(၂) ဦးရှိ။

❑

mgyoe.com

mgyoe.com


# ကဗျာပိုင်လူတန်းစား

တချို့လူတွေက အမေ့ကိုပြောကြရဲ့
သားတေလေ ကဗျာဆရာတဲ့၊
အမေကတော့ ဘာမှနားမလည်
သူတို့ရှုတ်ချတော့ မျက်နှာငယ်၊
ဒီမှာ အမေ
သားရှင်းပြချင်ပေ၊
အမေကြားဖူးရဲ့ မဟုတ်လား
သက်ဦးဆံပိုင် ရှင်ဘုရင်ခေတ်များ၊
စောင်းခတ်သံဝေစည်တဲ့ နန်းရင်ပြင်
ကဗျာမွေးဖွားခဲ့သည်ပင်၊
ကဗျာဆိုတာ အုပ်စိုးသူတွက် တေးသီချင်း
ခေတ်ရဲ့ ထင်ဟပ်ခြင်း၊
သားစကားကြောင့် အမေ့မျက်နှာကြည်လင်
မင်းမျိုးမင်းနွယ်လို မှတ်ထင်၊
အမေ့အတွေး မှန်သည်မလွဲ
ပြည်သူဆိုတာ ဒီခေတ်ရဲ့ ဘုရင်ပဲ၊
ကဗျာအသွေးနီနီရဲ
ခေတ်လည်း နီရမှာပဲ။

မိုးဝေ၊ ဩဂုတ်၊ ၁၉၇၀။

mgyoe.com

mgyoe.com

# ပို့စ်မော်ဒန်နှင့် ပုဏ္ဏားနတ်သမီးရက်ကိန်း၊ ခြောက်သွေ့ရာသီ အိပ်မက်ဆဲနှစ်ရဲ့ တစ္ဆေများ

ထင်းရှူးပင်ရိပ်ထွက်ပြီးတဲ့နောက်မှာ ကမ္ဘာ့ကဗျာမှာလည်း အယူအဆတွေ၊ လမ်းကြောင်းတွေ ပြောင်းလဲကုန်ကြပါပြီ။ အထင်ရှားဆုံးကတော့ မော်ဒန်အနုပညာ နိဂုံးချုပ်သွားခဲ့ခြင်းပါပဲ။

## ပို့စ်မော်ဒန်နှင့် ပုဏ္ဏားနတ်သမီး ရက်ကိန်း

သူငယ်ချင်းကဗျာဆရာ မောင်သင်းမိုးက သူ့စာအုပ်အတွက် တစ်ခုခု အမှာစာရေးပေးဖို့ တိုက်တွန်းပြောဆိုတဲ့အချိန်က ကျွန်တော်မှာ ကမ္ဘာပြိုမတတ် သောကရောက်စရာ အမှုကိစ္စတစ်ခုနဲ့ တည့်တည့်ကြီး ရင်ဆိုင်နေရချိန် ဖြစ်ပါတယ်။ မနက်မိုးလင်းရင် သမ္ဗုဒ္ဓေဂါထာ ပါးစပ်မှာတေနေအောင်ရွတ်ပြီး အိပ်ရာ ထရ၊ သူ့အိမ်နံရံမှာ (သူ့သားကြီးကပ်ထားတယ်ဆိုတဲ့) မင်္ဂလာအချိန်ရွေးနည်း ဇယားကြည့်ပြီးမှ အရေးကြီးတဲ့ လုပ်ဆောင်စရာတွေကို လုပ်နေရချိန်ပေါ့။ ဒီနေ့ ကြာသပတေးနေ့ဆိုတော့ ၁:၁၃မှ ၃:၃၆က သွေးအံကိန်းကျနေတယ်။ ၃:၃၇ မှ ၆:၀၀ ဆိုရင်တော့ ပုဏ္ဏားနတ်သမီးရက်ကိန်းတဲ့၊ နာရီကြည့်လိုက်တော့ ၃:၀၀ မိနစ် မဖြစ်သေးပါဘူးလေဆိုပြီး စာအုပ်ပုံကြားက မောင်သာနိုးရဲ့ တောမျှော်ရုံစာအုပ်ကို ဆွဲဖတ်နေလိုက်တယ်။ ၂၀ ရာစု ရာစုဝက်လောက်မှာတင် မော်ဒန်ဝါဒဟာ ခေတ်ကုန်သွားခဲ့ဆိုပါလား။ ကိုယ့်ဆီမှာက ၇၀ လောက်က

mgyoe.com

mgyoe.com


ဖျစ်ဖျစ်မြည်အောင် ထုထောင်ခဲ့ရတဲ့ မော်ဒန်ကဗျာရေစီးကြောင်း ၂၀၀၀ ခုဆီ လောက်ရောက်မှ မိုးဦးကျဖားလို ဆူညံပွက်လောရိုက်လာခဲ့တဲ့ ပို့စ်မော်ဒန်၊ ၃:၄၀ မှာ တစ်ခုခုဆိုတာကြီးကို စရေးဖြစ်တယ်။ သူ့အတွက်ပဲဖြစ်ဖြစ်၊ ကိုယ့် အတွက်ပဲ ဖြစ်ဖြစ် သွေးအန်ကိန်းတော့ မကြုံချင်ဘူး။ ပုဏ္ဏားနတ်သမီးရကိန်း ဆိုရင် မဆိုးဘူးပေါ့။ ကမ္ဘာကြီးတစ်ခုလုံးကတော့ ရွာကြီးတစ်ခုပြောင်းပြီး ပို့ မော်ဒန်ဝတ်စုံကို အကျအနဖြစ်လို့ ကိုယ့်မှာတော့ နတ်သမီးအိပ်မက်နဲ့ လုံးခြာ လည်လိုက်လို့။

ကျွန်မဘဝရဲ့ အစိတ်အပိုင်းအားလုံးကို ကျွန်မရဲ့ တည်တည်ငြိမ်ငြိမ်
ဝေ့ကြည့်တစ်ချက်ထဲမှာပဲ ထည့်သွင်းဖို့ ကြိုးစားနေတာ ဖြစ်ပါတယ်။

**Adrienne Rich (1929- )**

## ခြောက်သွေ့ရာသီတွေဆီက အိပ်မက်ဆဲနှစ်ရဲ့ တစ္ဆေများ

တစ်ည သူ့ကို ပြောမိသည်။ ၁၉၃၀ ဝန်းကျင်က ဆရာဇော်ဂျီ၊ မင်းသု ဝဏ်တို့က စခဲ့တဲ့ ခေတ်စမ်းကဗျာ နောက်နှစ်သုံးဆယ်ကျော်ကျော် ၁၉၆၅ လောက်မှာ သပြေညို ဝပ်ရှော့၊ ထင်းရှူးပင်ရိပ်၊ တော်လှန်၊ မိုးဝေကဗျာတွေက မြန်မာခေတ်ပေါ်ကဗျာ (မော်ဒန်ကဗျာ)ကို မီးရှူးသန့်စင်ပေးလိုက်တယ်။ ကိုယ့် တိုင်းပြည်တစ်ပြည်တည်းရဲ့ ကဗျာကိစ္စကို ပြောတာနော်။ ခေတ်စမ်းကို ပျင်းပြီး ညည်းငွေ့နေပြီပေါ့။ ခေတ်ပေါ် ကဗျာခေတ်ကို ထူထောင်ကြမယ်ပေါ့။ ဟော အခု ၂၀၀၅၊ ၁၉၇၀ ကပဲစရင် နှစ်ပေါင်း ၃၅ နှစ်၊ မော်ဒန်ကဗျာကို မပျင်း သေးဘူးလား၊ မငြီးငွေ့သေးဘူးလား။

စာပေသစ်ဝါဒီ ကဗျာဆရာမ ကြည်အေးရဲ့ တစ္ဆေကဗျာဟာ တယ်လည်း ထင်ရှားခဲ့ပါသည်။ ခေတ်ပေါ်ကဗျာရဲ့ ရှေ့ပြေးနိမိတ်ပေလား။ ထင်းရှူးပင်ရိပ် ပြီးနောက် နှစ် (၃၀) တိတိကြာမှ ထုတ်ဝေခဲ့တဲ့ တောမှော်ရုံလမ်းစာအုပ်ရဲ့ အငွေ့ကို ဆရာမောင်သာနိုးက ဂျော့မဲ့ရဒစ် (၁၈၂၈–၁၉၀၉) ရဲ့ တောမှော် ရုံမှာ...

အဲဒီကဗျာကို ဟော ဘယ်လိုအဆုံးသတ်ထားတယ်။
တစ္ဆေခြောက်အပင်တို့ အားလုံးတုန်ခါလို့
ခေါင်းစွပ်အောက်က မျက်လုံးအားလုံးတို့

mgyoe.com

mgyoe.com

အကြည့်နဲ့ မင့်ကို လွှမ်းခြုံထားကြ။
ဒီတောမှော်ရုံထဲ ဝင်ခဲ့ကြလေ။
ဝင်ဝံ့သူတို့... တဲ့။
ဝင်ဝံ့သူတို့အဖို့ ပို့စ်မော်ဒန်တံခါးကြီးပွင့်နေပါပြီ။

စာပြီးနှစ် - ခအအ (၂၀၀၅)

mgyoe.com

mgyoe.com

# ကဗျာက ဘုရားသခင်အချက်ပေးသံကို ကြားတယ်
# ကဗျာက အကင်းပါတယ်

မာယာကော့စကီးဟာ "ပစ္စည်း"များကို သယ်ဆောင်ပြီး ရှေ့ကိုလှမ်းနေတယ်။ အဲဒီပစ္စည်းတွေဟာ ကာရန်သစ်များ မဟုတ်ပါ။ အတွေးသစ် ခံစားမှုသစ်များဖြစ်ပါတယ်လို့ အာရင်ဘာ့ခ်က ပြောဖူးတယ်။

ခေတ်ပေါ်ကဗျာက နေ့စဉ်ပြောဆိုကြတဲ့စကားရဲ့ ရစ်သမ်နဲ့နီးစပ်အောင်ကြိုးစားမယ်။ နေ့စဉ်ပြောစကားရဲ့ ရစ်သမ်အခြေခံပြီး ကဗျာမြောက်တဲ့ ရစ်သမ်ကို ဖန်တီးမယ်။ ကဗျာဟာ စကားပြေဖက်ကို ရွေ့လျားမယ်။ စကားပြေမှာရှိတဲ့ အင်အားတွေ၊ ကြွက်သားတွေကို ကဗျာအတွက် အသုံးချမယ်လို့ ဆရာမြဇင်က "ခေတ်ပေါ်ကဗျာစာတမ်း၊ ကဗျာအကြောင်း စာအကြောင်း" မှာ ရေးဖူးတယ်။

ကဗျာဆရာ၊ ကဗျာပါရမီရှင်ဆိုတာ စိတ်အားတက်ကြွမှု ကြီးမားသလောက်ကြိုးစားအားထုတ်မှု ကောင်းဖို့လိုပါတယ်။ လိုအပ်သလောက် ဖော်ပြ၊ လိုအပ်သလောက်လျှော့ချ၊ အချိန်အဆကောင်းဖို့ မှန်ဖို့လည်း အရေးကြီးပါတယ်။ ဟန်ရေးမပြဘဲ အလှရှိဖို့လည်း လိုပါတယ်။ ကဗျာဆရာဆိုတာ အခြားလူရဲ့မျက်လုံးနဲ့မြင်နိုင်မှ၊ အခြားလူရဲ့နားနဲ့နားထောင်နိုင်မှ၊ အခြားလူရဲ့ နှလုံးသားနဲ့ခံစားနိုင်မှ ကိုယ်စိတ်ပင်ပန်းသလောက် လယ်သမား အလုပ်သမားတွေလည်းပဲကံကြမ္မာတူလှတယ်။ တောင်တန်းတွေ နိမ့်ကျသွားလား၊ သူတို့အပေါ်က သစ်

mgyoe.com

mgyoe.com


တောတွေ ပြောင်တလင်းခါသွားတာလား၊ တောပြုန်းတော့ တောင်ပြို၊ တောင်ပြို တော့ မြစ်ကောက်၊ မြစ်ကောက်တော့ ရွာပျက်၊ ရွာပျက်တော့ မြို့သုဉ်း၊ ရေ မြေတောတောင် ဇီဝပဒေသာနဲ့ လူနေမှု ဘဝတွေ ဆက်စပ်နေတယ်လေ။ ဒါ တို့ပြည်၊ ဒါတို့မြေ၊ ဒါတို့မြန်မာပြည်။ ကချင်တွေ၊ ကရင်တွေ၊ ကယားတွေ၊ ချင်းတွေ၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတွေ စတဲ့ အားလုံးရဲ့ ကံကြမ္မာတွေ တူလှ သလေ။

ကျွန်းပင်ချည်းသပ်သပ် ကျွန်းစိုက်ခင်း။ ကျွန်းပင်စည်မြင့်ရင် မြင့်သလောက်၊ ကျွန်းရွက်ဖားကြီးတွေ ပြန့်ကားရင် ကားသလောက်၊ မိုးရေစက်ကြီးရင် ကြီးသ လောက် ကျွန်းပင်ရင်းက မြေဆီတွေ မိုင်ချီကွာဝေး ပြေးပြေးသွားတာ၊ ခံစား တတ်ရင် ဒါလည်း ကဗျာဖြစ်တာပါပဲ။

မောင်သင်းမိုးက မဂ္ဂဇင်းတွေမှာ ဖော်ပြပြီးတဲ့ သူ့ကဗျာတွေကို ကတ်ထူ တစ်အုပ်စာ ကျွန်တော့်ကိုပေးပြီး အမှာရေးခိုင်းတယ်။ အပုဒ် ၉၉ ထဲကမှ ငါး ဆယ်လောက်ရွေးပြီး ကဗျာစာအုပ်လုပ်မှာပါ။ ကျွန်တော်ကတော့ အနီးကပ်ကာလ သူ့ကဗျာတွေကို ပိုကြိုက်တယ်။ အဲဒီကဗျာတွေ အများစုကိုပဲ သူရွေးချယ်လိမ့် မယ်ထင်ပါတယ်။

ကျွန်တော်ကတော့ သူခင်းကျင်းပြတဲ့ ကဗျာတွေကို ကဗျာချစ်သူ ခံစား စေချင်တာပါပဲ။

မောင်အောင်ပွင့်

mgyoe.com

mgyoe.com



# ဓာတ်ပုံ

ချစ်သူကို လက်ဆောင်ပေးသလိုမျိုး
မကြေကွဲတော့ပါဘူးရယ်လို့
အမှောင်ရိပ်ဟာ အမှောင်ခန်းထဲက
မွန်းကျပ်ရုန်းထွက်နေ
ဆံပင်ပေါ်က နှင်းမှုံတွေကို သပ်ချပြီး
ကြို့တင်ပြင်ဆင်ထားတဲ့
စတူဒီယိုခန်းထဲဝင်ခဲ့၊

အဝတ်မပါဘဲ ဓာတ်ပုံရိုက်လို့ မရဘူးတဲ့
ခက်တာက ကြယ်သီးတစ်လုံး ပြုတ်ထွက်နေတယ်
မျက်လုံးတစ်ဖက်လပ် ကင်မရာမင်းက
တည့်နေတဲ့ မျက်နှာကို
နည်းနည်းစောင်းငဲ့ဖို့ ပြောတယ်၊
အတွင်းစိတ်ထဲက ငါမဲ့ပြုံးကို ပေါင်ဒါနည်းနည်းဖို့
ကဲ ရိုက်ပေတော့
စရိုက်၊ ပတ်ဝန်းကျင်၊ ပယောဂ
ယနေ့အဖြစ်အပျက် မျက်ရည်မျက်လုံး
အပြစ်အနာအဆာ အမှား
ငါ့ချစ်ခြင်း၊ ကဗျာမှော်သား
အားလုံးပါအောင်တော့ ရိုက်စေချင်တယ်။

ရုပ်ရှင်အမြုတေမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၄။

mgyoe.com

mgyoe.com


# ကနောင်

ကောက်သစ်ဦး အရည်တည်စ ရေတံခွန်လိုမျိုး
ခုံမင်စွဲလမ်းငယ်ဘဝ မိခင်နို့သောက်စို့ရသူ
လက်ပံပွင့်နီစွေးရဲရဲ အပူထဲက အအေး
ငါ့မွေးရပ်မြေ မြို့ရိုးဟောင်း ဦးညွတ်လိုက်ပါရဲ့၊

ဧရာဝတီမြစ်ကြီးက ဆီးချိုသီးကြိုက်တော့
ဆီးတောကြီးတစ်အုပ်လုံး မျိုချပစ်လိုက်တယ်
မွေးရပ်မြေဆီ ပြန်နေကျ လမ်းရိုးလေးခမျာ
ကမ်းပြိုရေစီးထဲ ပျောက်ဆုံးသွားရှာ၊

ညဆို မိုးချုပ် မနက်မိုးလင်း
ဘယ်တော့မှ မငြင်းတဲ့ မြို့ကလေး
ကာလ ယန္တရားရွေ့ဆဲ ဂန္ထဝင်ကို နှစ်ခြိုက်
မွန်ဘာသာ ခနောင်း၊ အနက်ဝဲဂယက်
လှိုင်းကြီးလေထန် ဧရာဝတီမြစ်ကြီးတောင်မှ
ခြေဖဝါးမှောက်မှားမွန်းနစ်
အငြိုးကျိန်စာ အမုန်းတွေနဲ့ သောင်ထွန်း
လမ်းမပွင့်ရှာ ငုံနေတဲ့ မြို့ကလေး
အိပ်မက်အမြဲမျှား၊

ဒါပေမဲ့ ငါ့မွေးရပ်မြေ မြေမှုန့်မြေသား
မည်းနက်သွေးရောင်ဖျန်း မြေဆီတက်ဆဲ
အရှေ့နေ ရေမွန်းပြီး မြောက်တက်လာ
ထန်းပင်ညီအမှတ်တံဆိပ်၊ မြို့ကလေးပေါ် ဖြတ်သန်း
သူလည်း ထန်းရည်မူးပြီးမှ
အနောက်စွန်းရိုးမ ဆုံးဆုံးမြုပ်ရ

mgyoe.com

mgyoe.com



လရောင်ဆမ်းတဲ့ ကမ်းနဖူးပေါ်
ကဗျာဆရာကလေးတွေ ငေးကျန်ခဲ့တဲ့ မြို့၊

အဘိုးနဲ့အဘွား ခေါင်းချရာ ငါ့မွေးရပ်မြေ
မြွေတစ်ကောင်လို ရှည်မျောမျော ရေကာတာ
လွန့်လွန့်လူးနေတဲ့ မြို့ကလေး။

ဇရပ်ပျက်၊ စေတီပြို၊ ရှုမျှော်ခင်း
ဘိုးသက်ရှည် ညောင်မုတ်ဆိတ် တဖွားဖွား
သူ့ကို တောင်သျှိုင်းနဲ့ မြောက်သျှိုင်းက
ပိတ်ရပ်ထား၊

သေတင်းကုပ် ထန်းရည်ဆိုင်တည့်တည့်
တံခါးမရှိသော သံစဉ်တွေ ကြေကွဲနေတုန်း
ချက်အရက်တွေ မီးတောက်ခဲ့တယ်
မြွေနဲ့လှေကား အန်စာတုံးဟာ လိမ့်နေခဲ့တယ်၊

ထန်းတက်သမားပေစိ
ထန်းပေပေါ်က လိမ့်ကျတော့
အိပ်မောကျနေတဲ့ ကမ္ဘာမြေကြီး
လန့်နိုးတုန်ခါသွားရဲ့၊

သူ့သမီးလေး မိညို
ငယ်ငယ်က ကစားဖော်သူငယ်ချင်း
အခုတော့ ဘယ်ရောက်သွားမှန်းမသိ
နှစ်ထပ် သင်္ဘော ဝမ်းဗိုက်အောက်မှာပဲ
သူမ တဆုံးတစ နစ်မြုပ်သွားလေသလား၊

ငါဖွဲ့နွဲ့သော စာမျက်နှာက ကျဉ်းပြီး
မြို့ကလေးက ကျယ်ပြန့်လွန်းလှ
ငါ့မွေးရပ်မြေ မြို့ကလေးပေါ်မှာ
တံလျှပ်တွေ လင်းခဲ့ပေါ့။

ရောင်ပြန်၊ ၂၀၀၃။

mgyoe.com

mgyoe.com



## စာတစ်စောင်

ဘာသာစကား အားလုံး နှုတ်ဖျားက မပြောဘူး
သားရဲ့ ဦးခေါင်းပေါ်က ဆံပင်နုနုတွေကို
အဖေ့ရဲ့ လက်ဖဝါးကြမ်းကြမ်းကြီးနဲ့ သပ်ပေးခဲ့တယ်...၊

လုံ့လုံ့ခြုံခြုံ နွေးနွေးထွေးထွေး
သားအိပ်ပျော်နေတုန်းက
အဖေက ကြယ်တာရာတွေကို ငေးကြည့်နေခဲ့သလား၊

သားအိပ်ရာက နိုးတော့
အဖေက အဝေးတစ်နေရာဆီ ထွက်ခွာသွားခဲ့ပြီ။

**Beauty Max၊ မေ၊ ၂၀၀၄။**

mgyoe.com

mgyoe.com



# ပိုက်ကွန်

တံခါးသော့ခတ်ရ ချက်ထိုးရ အခါခါ
စိတ်မလုံခြုံဘူး
တံခါးခေါက်သံကြားရ
ထကြည့် ဘယ်သူမှ မရှိ၊

ခြင်ထောင်ကလေးရေ. . .
ငါ့ရဲ့ မလုံခြုံမှုတွေအားလုံး
မင်းရဲ့ အမိုးအောက်မှာ
တစ်ရေးအိပ်ပါရစေ၊

တယောပြား နွဲ့နွဲ့၊ ရေနံမထွက်နိုင်တာ
အတွေးစတွေ မရှုပ်ပါနဲ့ကွယ်
တစ်နေ့တာလုံး မင်းကို ခေါက်သိမ်းထား
ဝဋ်ကောင်တွေရဲ့ ဗာဟီရကို
အပြစ်မဆိုပါနဲ့တော့၊

စုန်းထောက်တဲ့ တစ်ညလုံး
မျက်လုံးမမှိတ်ဘူးဆိုတဲ့
မင်းရဲ့ သွေးစက်များ ငါ့အိပ်မက်တွေပေါ့။

ဟန်သစ်မဂ္ဂဇင်း၊ ဩဂုတ်၊ ၂၀၀၃။

mgyoe.com

mgyoe.com



## အခန်းပျောက်

သံထဲမှာ သံလိုက်ဓာတ်စီးဝင်
အမှောင်ဟာ အမှောင်ကို လိုက်ရှာတယ်
ပိန်းပိတ်မှောင်နေလို့ အမှောင်ကို ရှာမတွေ့ဘူး
အငမ်းမရလျှာ ဆာလောင်ရင်ဖို
ထင်ယောင်မှား စမ်းသပ်နေပုံ
မျက်လုံးများ ကြောင်အ ရပ်တန့်
ဒါ... ဒါ... နေနေကျ အခန်းပဲ
ဒါပေမဲ့ အခန်းထဲမှာ အခန်းကပျောက်ဆုံး
ဘယ်မှာလဲ စာရေးစားပွဲ
ဘယ်မှာလဲ ပန်းချီကား
ဘယ်မှာလဲ ဓာတ်ပုံ
ဘယ်မှာလဲ ရေအိုးစင်
နံရံ ဘယ်နေရာလဲ
ခဲသိပ် နက်ရှိုင်း အမှောင်ထဲတိုးဝင်
ငါ ငါ... ဘယ်မှာလဲဟင်
သံလိုက်ဓာတ်ဟာ သံထဲမှာပျောက်ဆုံး။

သုခပြည်စုံမဂ္ဂဇင်း၊ မေ၊ ၂၀၀၇။

mgyoe.com

mgyoe.com


# လိပ်ပြာ

မနက်ခင်း တောစပ်ထဲ
မြွေတစ်ကောင် လျှောဆင်းသွား၊

ညရဲ့ ဝိညာဉ်
အရေခွံကျန်ရစ်၊

အိပ်ရာနိုးတာနဲ့
ဘုရားသခင်ရဲ့ နှင်းခါးပန်းကို ဖူးဆွတ်ရ၊

တိမ်လွှာ မှိုမှိုလွင်
သခင်မဲ့ ဖိနပ်တစ်ဖက် ရေစီးထဲမျောပါ
နာကျင်မှု မေ့လျော့လို့
မြစ်ရေနစ်သူ
ဟီရာကလပ်တစ်ကို ဆယ်ကြစို့
အချစ်စိတ်ဆိုတာ ဆော့ဖ်ဝဲပါကွာ
ပန်းဝါဝါပွင့်နေတဲ့ အပင်ကလေးကို
အလေ့ကျပေါက်တယ် မပြောပါနဲ့ကွယ်။

ချယ်ရီမဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၀၈။

mgyoe.com

mgyoe.com



# ငါ့ကိုကိုက်တဲ့အနာ

အဲဒီအပင်ကို တမြတ်တနိုး စိုက်ပျိုးခဲ့ရ
အို... ငါ့ကို ရူးပေါ့၊

အဲဒီ အကောင်ကို တယုတယ မွေးမြူခဲ့ရ
အား... ငါ့ကို ကိုက်တယ်၊

ပခုံးပေါ်ထမ်းလာတဲ့ ဒုက္ခကြီး
လေးလံလွန်းလို့ လွှတ်ချလိုက်တော့...၊

အင်း... ဒုက္ခကပြောတယ်
သူဟာ အစစ်မဟုတ်ပါဘူးတဲ့။

မြတ်သတိဝါဒီ၊ မတ်၊ ၂၀၀၃။

mgyoe.com

mgyoe.com



# မိုးစက်ပွင့်ရေ

ဝတ်ရုံအနက် အဆိပ်ခွက်နှင့်
အိပ်မက်တစ္ဆေ ညက်ကြေစိမ့်မွှ
အလို... သူမသေပါလား၊
ရေခဲတိုက်တံခါး
သွေးသားဆုတ်ပြီး ဖြူလျော်လျော်၊
ထစ်ချုန်းလျှပ်ပြက် မိုးရေစက်ချို
ဖျန်းပက်လှုပ်နှိုး နိုးထရုန်းထ
ပျောက်ဆုံးသော ငါ ဘယ်မှာကျန်ရစ်ပြီ၊
နုစိုစက်လက် စိမ်းရွက်မြဖူး
ညွတ်နူးဆွတ်ကျင် ရင်ပြင်ပွင့်ချပ်
လေးမြတ်ခွန်းစ ဖွင့်ဟတစ်ဝက်
စက္ကန့်လှုပ်ရှား ထားခဲ့တော့လေ၊
ပိုးထိုးခြဖျက် သက်ငြိမ်ဓာတ်ပုံ
ဘဝမြုံသူ မှုန်ဝါးပျက်သုဉ်း
အပြုံးလွင့်စင် ပြစ်တင်စူးရဲ
ပြတ်စဲကွာရှင်း သတင်းစာပျော့ဖတ်

mgyoe.com

mgyoe.com



မြောင်းစပ်ရေထဲ မြုပ်စေတော့၊
ရေဒီယိုဖွင့် စိတ်ပျံ့လွင့်ဆဲ
မိုးစက်ပွင့်တွေ
မိုးစက်ပွင့်ရေ
တွက်ရေမဆုံး
ငါပျောက်ဆုံးတာ ပြည့်စုံပါပြီ။

လေလွင့်သူရဲ့တိမ်နှင့်ရသ မိုးကောင်းကင် (၃)၊
စက်တင်ဘာ၊ ၁၉၉၀။

mgyoe.com

mgyoe.com



# ကဗျာဆရာ

ပစ္စည်းတွေ ဖြုတ်ထုတ်ဆေးကြော တပ်ဆင်
ကူဘိုတာ စက်နှိုးလိုက်သလို တဖုန်းဖုန်း
စာအုပ်အဖွင့်မှာ ကျွန်တော့်နာမည် ဖတ်မိသလိုပဲ၊

ကဗျာဆရာရယ်လေ နှုတ်ခမ်းတမြမြ
သူ့ကိုယ်သူ ကဗျာဆရာလို့ဆိုပေရဲ့
ကဗျာထဲကို အကောင်လိုက် ဝင်သွားတယ်
တစ်စတစ်စကဗျာထဲက ပြန်ထွက်လာတယ်၊

မြေညစ်မြေရိုင်းတွေ ထွန်ယက်ခုတ်ထွင်
မှော်သားအတိ မြို့တော်ကြီး စိုက်ပျိုးထုတ်လုပ်ရန်
ကဗျာဆရာရယ်လေ သူ့မျက်နှာသူကုတ်ခြစ်
သွေးတရဲရဲ ချွေးသီးချွေးပေါက်
အော်ကြီးဟစ်ကျယ် ငြင်းဆန်ပေါက်ကွဲ
သူဘယ်လို ညှံ့ဖျင်းအားနည်းကြောင်း
အစိတ်စိတ် အမွှာမွှာ လွင့်စင်ပြန့်ကျဲ
အပြစ်အနာအဆာ ကာကွယ် ဖုံးဖိရန် ဆင်ခြေ
ယုတ္တိဗေဒ ထင်မြင်လျှောက်လဲချက်များ၊

ခုတော့လဲ သူဘာမှမဟုတ်သလိုလို
သူ့ကိုယ်သူ ဘာမှမသိ သလိုလို
ငြိမ်သက်နေပြန်ပြီ။

မဟေသီ

mgyoe.com

mgyoe.com



# မောင်သင်းမိုးရဲ့ ဂျာကင် (၁၉၈၁)

သစ်ခွပင်တွေ ပွေ့ပိုက် ကျိုက်ထီးရိုးဘုရားက အပြန်
ရန်ကုန်မြို့တော် ပြည်လမ်းမ ကားရပ်တယ်၊

ပခုံးပေါ်က
ပင်လယ်ရောင်တောက်ပတဲ့ ဂျင်းဂျာကင်
ပလက်ဖောင်းနဖူး ပျဉ်းမပင်ပေါ်ပစ်တင်
ရင်ပြင်၊ ဥယျာဉ် ငြိမ်သက်နေ
အဖြစ်အပျက် တင်ဆက်ခဲ့သမျှ
မောပန်းနွမ်းလျ ခဏရပ်နား၊

အိပ်မက်တွေ ဘယ်လိုအိမ်ပြန်ခဲ့ကြောင်း
ရုပ်ကြွင်းအလွမ်းည
ဘယ်ကြယ်စင် စောင့်ကြည့်နေစ၊

(၁၉၈၁) မိုးစက်၊ နှင်းမှုန်၊ သစ်ရွက်
(၂၀၀၅) ပြန်သတိရ
မေ့လျော့မှုတို့ ဘယ်အရိပ်တွေ ဝတ်ဆင်ခဲ့ပါလိမ့်
သစ်ကိုင်းကြား
စွယ်တော်ပွင့်ဖြူဖြူ
ငါရှာဖွေဆဲ
ဂျာကင်တစ်ထည် တွေ့ နိုးနိုး
ဖဲတစ်ချပ်ကို ပွတ်သပ်လို့။

**Emperor** ဇူလိုင်၊ ၂၀၀၅။

mgyoe.com

mgyoe.com



# မီးကျွမ်းနေသော ညှော်နံ့များ

မိသားစု သော့တွဲကြီးထဲမှာ
ကြေးဝါရောင် သော့တစ်ချောင်းကတော့
ဘယ်သော့ခလောက်ကိုမှ
ဖွင့်မရအောင် ပြုန်းတီးနေခဲ့ပြီ၊

ကြောင်တစ်ကောင်ရဲ့ မျက်လုံးထဲ
ကြယ်တာရာတွေ တောက်ပ
ငွေစ၊ ကြေးစတွေ တချွင်ချွင်မြည်လို့
ရုပ်ရှင်ရုံ ပိုစတာအောက်
အရောင်းသွက်တဲ့ လက်တစ်ချောင်း
မနားမနေ တဖတ်ဖတ် လှုပ်ရှားနေတယ်၊

အပျိုမလေးတွေ ခိုးခိုးခစ်ခစ်ရယ်သံ
အသားတုတ်ထိုးတံတွေ တသီကြီးပုံလို့
ကျန်တဲ့ လက်တစ်ဖက်ကိုတော့
ကုတ်အင်္ကျီထဲ ဟန်ပါပါထည့်ထား
သူ့မျက်လုံးတွေ ပြုံးရယ်ရင်း
အမှတ်တမဲ့ ဆွဲထုတ်လိုက်တဲ့
လက်တစ်ဖက်ကို စူးစိုက်ကြည့်
သူ့ခမျာ လက်ငါးချောင်းလုံး ငုံးတိတိ။

ရယ်စရာ၊ ဩဂုတ်၊ ၂၀၀၄။

mgyoe.com

mgyoe.com



## သကြ်န်မကျတဲ့ သကြ်န်

နှစ်သစ်ကူးပြီလား
ပိတောက်နီနီ
မန္တလေးမြို့ကြီးပေါ် ဗုံးတွေကြဲချ
ရွာတွေပေါ် လေယာဉ်ပျံဝဲ
သဲသဲမဲမဲ ပစ်ခတ် (၁၉၄၂)

အခါကြီး၊ ရက်ကြီး
အားလုံးထိတ်ထိတ်ပျာပျာ
သကြ်န်ကို သတိမရနိုင်
ဂျပန်လေယာဉ်တွေ ပျံဝဲနေတုန်း
တဒက်ဒက် ကျည်ဆန်
ကြည့်စမ်း
စစ်ကိုင်းတံတားကြီး
ပိတောက်ကိုင်းတစ်ခုလို
ဆတ်ခနဲ ကျိုးကျသွား
နွမ်းညှိုးရှက်ကြွေ
နှစ်သစ်ကူးပြီတဲ့လား (၁၉၄၃)

ရတီ၊ ဧပြီ၊ ၂၀၁၀။

mgyoe.com

mgyoe.com


# သွေးမစို့တဲ့ ဒဏ်ရာ

အဖော်နဲ့အပေါင်းနဲ့
အဝိဇ္ဇာဟာ
ကံကိုလည်း ကန်းစေတယ်၊

နာရီစင်ကြီးအောက်မှာ
ဘူးမြစ်တွေ
သူတို့ ချောင်းဖျားထိ
ဖောက်ထွင်းသွားခဲ့၊

သင်
ခတ်ပုံထဲမှာ
အေးအေးဆေးဆေး ထိုင်နေပါ။

ကလျာမဂ္ဂဇင်း၊ ဩဂုတ်၊ ၂၀၁၀။

mgyoe.com

mgyoe.com



# အမုန်းသခင်မ

ချစ်မိလို့ ရှုံးတာပဲ၊ မြားဆိပ် သည်လောက် ပြင်းသလား
အိပ်မွေ့ရာ မြက်ကောက်ရိုး၊ ညို့ညို့မုန်းသွေးစက်ပေ
သားရဲပဟိန်းသံကြား မြိုင်ရပ်နှင်
လူသားထီးတည်း တိတ်တဆိတ် ပုန်းလျှိုးခဲ့ရ၊

အသွေးအသား တစ်ကိုယ်လုံးအနံ့ကဗျာတွေ
ကိန်းအောင်းနေပြီးမှ ညာလက်ဟာ ဆွံ့အနေရှာ့သလား၊
ဒဏ်ရာတွေ မန်းသလို အိပ်မက်တွေ မှောင်လှပြီ
သစ်ခွနက် ရနံ့လင်း ချစ်ခြင်းအားဖြင့် နိုးထ၊

ဆေးမြစ်ဆေးဥ တူးရဦးမယ်၊ သစ်သီးသစ်ဖုရူးရဦးမယ်
နာမကျန်း အိပ်ရာ
နွယ်ပင်လှေကား ဖြည်းဖြည်းချင်းဆင်းသက်
ခြေလှမ်းထဲ အသက်အား ထိုးစိုက်လို့၊

တောင်ပေါ်မြို့ကလေး ဈေးနေ့
ငါ့ဝတ်စုံ စုတ်ပြတ်သတ်နေပြီ
အမုန်းသခင်မရဲ့ လူယုံတော်တွေ
မတွေ့အောင် မျက်နှာဝှက်ပြီး ပြန်ခဲ့ရ
သဲလွန်စ မကျန်အောင် ခြေရာဝှက်
နွယ်လှေကားဆီ အားယူလှမ်းတက်
သမားတော်မပါ အနာခွဲမယ့်ည
မင်းမုန်းသမျှ ငါတစ်ယောက်တည်းပေါ့
ဟိုအဝေး မြင်းခွာသံသဲ့သဲ့
ငါ့အနာ ငါကိုယ်တိုင်ခွဲမယ်။

သရဖူ၊ ဇန်နဝါရီ၊ ၂၀၀၄။

mgyoe.com

mgyoe.com



# သမုဒယသဇင်

ရိုင်းပျ နှင်းမုန်တိုင်း
ရေတံခွန်ရဲ့ ခါးရိုး သစ်ကိုင်းခြောက်တစ်ခုလို ဂျွတ်ခနဲကျိုးပေါ့
ခိုက်ခိုက်တုန် ချမ်းစက်၊ ရင်ကိုရင်ငွေ့ထွေးပွေ့ပါရစေ
ထောင်ချောက်ထဲက ကျား၊ ရုန်းလေနစ်လေ နာကြည်းဟစ်အော်
ဝဋ်ကြွေးတို့ပေးဆပ်၊ အဆိပ်ဖြင့် ဆွေ့ဆွေ့ခုန်
လေးနှင့်မြားကို စွန့်လိုက်ပြီ၊

ဆိမီး လောင်မြိုက်မှုအလင်း ရနံ့မွှေး
သွေးဆောင်ဖြားယောင်း ခေါ်ဆောင်ရာ
ယဇ်ပလ္လင် နတ်ဘုရားရုပ်ထုရှေ့ ဒူးထောက်ဝတ်ပြု သမုဒယသူဇာ
ဝတ်ရုံဖြူဆင်မြန်း ပြည့်တင်းဝင်းအိ လက်နှစ်သွယ်ဆန့်တန်း
လမင်းရဲ့ ရောင်ခြည်တော် စိမ့်ဝင်
သံယောဇဉ်ဆိုတာ စိတ္တဇရဲ့ နာမ်ခွဲ အမည်ပ၊

အရိုးစင်းဆုံး အရိုင်းပွင့်၊ ပိဘိကလေးငယ်တစ်ယောက်နှယ်
အနှောင်အဖွဲ့ တောမျက်မည်း၊ မထင်မှတ်ဘဲ နယ်ကျွံ
မမြင်ရသော အန္တရာယ်များ၊ မသွားနဲ့ မသွားနဲ့
အာဟာရမျှစ်စို့၊ အင်အားစားသွား၊ ရန်စွယ်ဆူးငြောင့်
တောဟာနက်ရှိုင်း ခြေလှမ်းတွေရပ်ဦးကွယ်၊

ခြေသံတဖျပ်ဖျပ် နှလုံးစည်းချက်၊ အရိုင်းသခင်မလေးရေ
ပင်မြင့်သဇင်ပန်း မိတမီလက်လှမ်းပိုင်လုနိုးနိုး
ကမ်းပါးစွန်းမှ ခြေချော်ကျ၊ လှမ်းဆွဲသော်လည်း မရ
အရိုင်းသဇင်ရေ၊ အရိုင်းသဇင်ရေ ပဲ့တင်ထပ်ခေါ်သံများ

mgyoe.com

mgyoe.com



တုန်ခါလှိုက်မော၊ သူမကို ကယ်တင်ဖို့ ချောက်နက်ထဲ ပြေးဆင်း
သစ္စာဖောက်သူရဲကောင်းလို ကျွဲတစ်ကောင် အနီရောင်ကို မုန်း
ဒေါသမာရ်နတ် လက်မထပ်ပဲပေါင်းသင်း
သူ့မျက်လုံးထဲ ဘာဆိုဘာမှ မမြင်စွမ်း
မျက်နှာဖုံးစွပ်ထားတဲ့ ရန်သူ၊ သွေးစက်အနီအသက်တစ်စ
ပထဝီမြေ အသက်ဓာတ်သမုဒ္ဒရာ အေးငြိမ်းသော ရေစင်တစ်စက်
နှုတ်ခမ်းဖျားမှာ သွေးဆုတ်လို့
ကမ္ဘာကြီးကို အနမ်းတွေနဲ့ တည်ဆောက်သလား
အာကာသဂြိုလ်ပြာရဲ့ ဧည့်သည်ပေလား၊ ဝတ်ဆံမဲ့ကာလရွှေ့လျား
သူ့ပါးပြင် ခုထိ ခပ်နွေးနွေးရှိဆဲ၊

တောခြောက်ခံရတဲ့ ဇမ်ဘာဘွေ မြို့တော်ကြီးကို
ရှောလမုန် မင်းသားငယ် ကျောခိုင်းထွက်ခွာခဲ့သလို
တည်ငြိမ်မှု တစ်ခုဆီ အာရုံပြုမိ
အဝေးမှ ခေါ်သံတို့ ပြတ်တောက်
အသံလှိုင်းများ
မပီပြင်သေးတဲ့ အသံတစ်ခု ဥခွံကို တဂျစ်ဂျစ်ခြစ်လို့
လက်ကောက်ဝတ် သွေးကြော၊ နာရီသံ တချက်ချက်
သူ့ကိုပြန်လည် သယ်ဆောင်သွားတဲ့ စက်ယန္တရား
မော်တော်စုတ် တစ်စင်း မြစ်ပြင်မှာ ခုတ်မောင်း
တဒုတ်ဒုတ် စက်သံများ
စက်ရပ်သွားပြီ။

ရတီ၊ စက်တင်ဘာ၊ ၂၀၀၆။

mgyoe.com

mgyoe.com



# သမိုင်းစာအုပ်မဆုံးမီ (၁၅) မိနစ်

ခွဲစိတ်ခန်း၊ စားပွဲ၊ ပုံဆောင်ခဲ ငါးမျှားကြိုးလျှော့ချပေးသလို
ကိုညီရေ တို့ဘဝ အချော့အမြူ အိသာတတ်ငွေ့ကစားနည်း၊
လူလောကထဲ နောက်တစ်ခေါက် ရောက်လာသူပါ စိစိ
ကြင်နာတာနဲ့ နာကျင်တာ မျက်ရည်စက်မဆုံး
သွေးပွက်ပွက် သိုက်မြုံ
ဖီးလိမ်းပြင်ဆင် မီးရောင်အောက်တိုးဝင်
ဓာတ်ပုံထဲက မင်းအပြုံး ခုထိ စိတ်မကောက်သေးဘူး၊

သံသယနဲ့ စိုးရိမ်စိတ်တွေ မေ့လိုက်ပါ မေ
ဟိုး...ညဦးနက်နက် ပိုးစုန်းကြူး တလက်လက်၊
ကျွဲရိုင်းသတ်သူ ကျွဲချိုကို ဆုပ်ကိုင်ထား
ပလီပလာ နှုတ်ခမ်း ဆွဲဆောင်မှု အနမ်း
အလှဖက်ရှင် သဘာဝအတိုင်းရှိစ
ယောကျ်ားနှင့်မိန်းမ
တစ်ယောက်ကို တစ်ယောက် အလိုရှိခဲ့ကြ၊

လရောင်အောက် လွတ်လပ်ခြင်း
သင်ယူမှုတွေ မညောင်းသေးဘူးလား
ကဒေါင်းငှက်တစ်ကောင် အတောင်ပံပေါ်
ကျီးကန်းတစ်ကောင်ရဲ့ မျက်လုံးများ။

**လှိုင်းသစ်မဂ္ဂဇင်း၊ ဧပြီ၊ ၂၀၁၂။**

mgyoe.com

mgyoe.com



# မမမုန်းမဲ့ မောင်မမိုက်

ရောဝတီဟာ မြန်မာကို ထပ်ကြော့ခဲ့
ကောင်လေး မင်းဆဲရေးတတ်သလား
ကောင်လေး မင်းယဉ်ကျေးရဲ့လား
သွေးတစ်စက် သံသယနဲ့ သိမ်မွေ့လို့
ချစ်ခြင်းမေတ္တာဖြင့် ရိုင်းပျလို့
မမမုန်းမဲ့ မောင်မမိုက်
ဟင်းတစ်ခွက် ငါ့လျှာကို အရသာပျက်စေရဲ့
အားအားယားယား ဒီမိန်းမရင်ထဲက
အနာအဆိပ်ကို ညှစ်ထုတ်နေမိခဲ့၊

သူ့ရဲကောင်းမရှိတဲ့ ဇာတ်လမ်းတွဲမှာ
မျက်လုံးတစ်ဖက်တည်း သူ့ရဲကောင်း
အလိုအို...ရောဝတီ
ရဲယိုသီး တပြွတ်ပြွတ်၊ နာနတ်သီး တရွဲရွဲ
ဗေဒါတောမှာ မိချောင်းဟာ အရေခွံလဲခဲ့ပြီ...

သိုးမလေး ဒေါ်လီကို
ဒုတိယ ကမ္ဘာစစ်က နှုတ်ခမ်းမွေးတပ် မပေးပါနဲ့
အဲဒီလို မုန်းတီးရွံ့ရှာစိတ်နဲ့
ငါကတော့ မိုးမှောင်မှောင်မှာ အုံ့မှိုင်း
ရေတံခွန်ကို အတားအဆီးမဲ့ စွန့်ထုတ်လိုက်ရဲ့။

**Beauty**၊ ဧပြီ၊ ၂၀၀၆။

mgyoe.com

mgyoe.com



# သူတို့တွေ ဘယ်ဆီသွားနေတာလဲ

တန်းလျားတစ်ခုရဲ့ အိမ်သေးသေးတစ်လုံး
မိသားစုလေးယောက်နေဖို့ မဆန့်ဘူး
တစ်ကိုယ်ရေအတွက်တော့ ကျယ်လည်းမကျယ်၊ ကျဉ်းလည်း မကျဉ်း
တကယ်ဆိုရင် လှောင်အိမ်လေးတစ်လုံးရယ်ပါ
ညနေခင်း အိပ်တန်းပြန်ငှက်တွေ ငေးရင်း
ဖားကို မြွေမျိုသံကြားတယ်
သစ်ကိုင်းခြောက်တွေ မသက်ာဘူး တဖျစ်ဖျစ်ငိုသံ
မီးသတ်ကန်ထဲ ရေတွေ လုံခြုံရေး
အုတ်တံတိုင်း ခြံဝင်းကာ တံခါးရှက်သော့ခလောက်
ရပ်ကွက်ကလည်း ချေးညှော်ထူလွန်းတယ်
မဲညစ်ညစ်ကောင်လေး မြောင်းထဲဆင်း ငါးဖမ်း
ဆန်နို့ဆီဘူးတစ်လုံး ရသွားပြီ
အပေါ်စား လက်ဖက်ခြောက် ခပ်ထားတဲ့ ရေနွေးကြမ်း
လမ်းထိပ်ဆိုင်က အိုကြာကွေး ညှော်ပြီ
မိုးလေဝသ သိပ်မဆိုးလှတာနဲ့
လမ်းပေါ်က ကျောက်ပေါက်မကို ကဗျာရွတ်တုန်း
ဝက်ထိန်းသမားတွေ သားသတ်ရုံဆီသို့ အော်သံ၊ကို မောင်းနှင်သွားကြ
တင်မောင်ဆွေ မဟုတ်ဘဲ ဘာလို့ခြေရာတွေ ဖတ်နေမိ
မျက်စောင်းထိုး ဘုရားကျောင်း ခေါင်မိုးဖျား နဂါးနှစ်ကောင် ရပ်တု
မေးခွန်းငွေ့တွေကြည့်ဆဲ လှေခါးထစ်တွေပေါ်က
နဂါးကြီးတစ်ကောင် ပြေးဆင်းလာတယ် အရှည်ကြီးပဲ
ဝါးခြင်းတွေ တစ်ခုနဲ့တစ်ခုဆက် ပိတ်စဖုံးအလှဆင်
နဂါးရုပ်ကြီးကို အသက်သွင်းပြီး
လူငယ်လေးတွေ အားနဲ့မာန်နဲ့ ကခုန်ကြတယ်။

ရယ်စရာ၊

mgyoe.com

mgyoe.com


# သိန်းငှက်လက်သည်း

မြဝါးရုံ ပန်းပဲဖိုထဲက လူငယ်တစ်ယောက် ထွက်လာတယ်
ထက်ရှ ဓားမြှောင်တစ်ချောင်း သွေးခုန်လှုပ်ကြွ
ကိုယ်လုံးနဲ့လှပ ချစ်သူခင် (လေး) လို...

အသွယ်အဝိုက်အကွေ့အချိုး မြတ်နိုးမဆုံး တသသ
လက်ဖဝါးပေါ် တဆဆ ဓားအိမ်ထဲ သွင်းချည်ထုတ်ချည်
ဓားသွေးကျောက်မြေ့မြေ့ စီးကြောင်းဖော်ကနုတ်သွယ်
နပါးပြင် ပွတ်သပ်
စိန်ပန်းပင်စည် ကမ္ဘာတည်ကြေး၊

ဒေါက်ကနဲ ဒေါက်ကနဲ ပစ်ပေါက်
အမှတ်စက်တစ်ခုဆီ ဓားဦးရောက်မြဲ
သွေးကို သွေးဆဲ သွေးနဲ့သံ
အနိုင်နဲ့အရှုံး၊ အရှုံးနဲ့အနိုင် အမှားတွေ မှန်နိုးနိုး
ရယ်မောသံ အက်ကိုးတွေနဲ့
စက်ကြိုးက တင်းလွန်းထင့်
အမုန်းရင်ဝ ထုတ်ချင်းပေါက်ထိုးစိုက်၊

လှိုင်းဆိုတာ မပြေရိုးပဲလေ
အနိစ္စကို ဘယ်သို့ချုပ်စ
သိမ်းစွန်ငှက်တစ်ကောင်ရဲ့ လက်သည်း
အို... အို... ဘာကိုငေးမြ၊ သူ့နှုတ်ဖျား ဆတ်ဆတ်တုန်ရင်
မြဝါးရုံဆိုမဲ့ တေးပေပေါ့
ဂစ်တာကြိုးလေး ငြင်းဆန်ပုံက
သူ့သွေးကြောကို မီးနဲ့မမာကျောဘူးတဲ့။

ရယ်စရာ၊ ဖေဖော်ဝါရီ၊ ၂၀၀၇။

mgyoe.com

mgyoe.com


# ကြာသုန္ဒရီ

ညဥ့်တို့သည် ငါ၏ထွက်သက်၊ ဝင်သက်တို့နှင့်တကွ ရှည်လျားကုန်၏။
ချစ်သူ သင့်မျက်နှာ၌ ကြာတို့ပွင့်ကုန်၏
ထိုကြာသည် လ၏ အနှစ်မှ ထွင်းဖောက်၍
လှပသော အဆင်းနှင့် သင်းပျံ့သော ရနံ့ရှိ၏
လသည် ဆုတ်ယုတ်သော်ငြား
ပဒုမ္မာကြာ၏ ဝတ်ဆံမှုန်တို့ ပွားများကုန်၏၊

လ၊ နေ၏ အရောင်ကို လွှန်၍
သက်ဝင်သော ချစ်သူမျက်နှာ
ညို့ဓာတ်တို့ စုစည်းရာ တစ်နေရာတွင်
အညီအညွတ်ပေါင်းစုတည်သော
ကြာ၏ အရောင်အနှစ်ကဲ့သို့ ဝင်းပလျက်ပင်၊

အို သုန္ဒရီ၊ သင့်မျက်ခုံးသည် မပြုပြင်ဘဲ ကော့ညွတ်၏
သင့်နှုတ်ခမ်းသည် ဆေးမဆိုးဘဲ နီ၏
သင့်မျက်လုံးသည် ဆေးမဆိုးဘဲ မည်းနက်ပေ၏
ပိတုန်းကောင်သည် ကြာပန်းအတွင်း
ပုန်းခိုဆော့ကစားသည့်နှယ်
ချစ်သူ မျက်လုံး လှုပ်ခုန်ဟန်တည်း၊

mgyoe.com

mgyoe.com


သုန္ဒရီငှဲ့
သင်သည် မိုးရတုလည်း ဖြစ်၏
သင့်လက်ချောင်းတို့သည် ရွက်ညွှန့်များပင်
လက်သည်းရောင်တို့သည် ပန်းပွင့်များပင်
သင့်လက်မောင်းတို့သည် အကိုင်းအခက်များပင်
ကသောငှက်၏ လည်မော့ခြင်းနှင့်
မြေအလုံးကို အောင်မြင်သော
လောက၏ သတို့သမီးပေတကား၊

သင်သည် စန္ဒကူးတောကို
ဖြတ်သန်း၍လာသော လေပြည်လည်း ဖြစ်၏
ချိုသော နှစ်သက်ခြင်းကို ပွားစေတတ်သော
နူးညံ့သော တပ်မက်ဖွယ် သာယာသော
ဥသြငှက်၏ ကိုယ်ပိုင်တေးသံကို ကြား၍ရ၏
ကောင်းမြတ်သော တပ်မက်မှုကို ဖြစ်စေသော
သိမ်မွေ့သော ကြာငုံပွင့်ငှဲ့
သင့်အား သန့်စင်သော ရင်ညွှန့်၌ ထိုးစိုက်ပါရစေ။

**Family၊ နိုဝင်ဘာ၊ ၂၀၀၇။**

mgyoe.com

mgyoe.com



# အသည်းပေါင်းထမင်း

အထူးပြုလုပ်ထားသော သံသရာ
အာဟာရမှုန့်အား ဓာတ်ခွဲကြည့်စဉ်
ခန္ဓာနှင့် အာယတန သတ္တု ၂ မျိုးတွေ့ရှိရ
သီးနှံစုံ ငါးဆန်ပြုတ်တစ်ခွက်
နေ့လည်စာ အသည်းပေါင်းထမင်း

ဓာတ် (၁၀) သား အတုံးကလေးများ လှီးပါ
ဗျာဓိ ၂ ဇွန်း၊ ဇရာ ၄ ဇွန်း
ဗာဟီရ တစ်တောင့်၊ စေတနာ တစ်ထုပ်
ဒုစရိုက်အား ခပ်ပြားပြားထုရိုက်ပါ
သံဝေဂအား ရေဖြင့်စင်ကြယ်အောင် ဆေးပြီး
မရဏနှင့်နယ်ပါ၊

မြေညက်ညက် အိုးပေါ်တွင်
ငရဲမီးအုပ်လျက် (၁) မိနစ်မျှထားပါ
နူးနပ်အောင် ချက်ပြုတ်ပြီးသကာလ
အငွေ့ပျံလျှင်
လေပြည်ညင်းနည်းနည်းထည့်၍
အရသာရှိရှိ
သုံးဆောင်နိုင်ပြီ ဖြစ်ကြောင်း။

ရယ်စရာ၊ ဒီဇင်ဘာ၊ ၂၀၀၅။

mgyoe.com

mgyoe.com



# ကျောန်ပါတ်အသစ်

ကောင်မလေးရဲ့ မျက်ရည်သုတ်ပေးရင်း
အသိတရား မရသေးတဲ့ ဇာတ်ရုပ်၊ ဇာတ်ဆောင်လုပ်ရသူ
အနိစ္စကို သတိရတစ်ခွက်
ဒုက္ခ... နောက်တစ်ခွက်
အနတ္တကို ချန်ထားသေးတယ်
ဆစ်လ်ဗီယာပလာသ်လိုတော့
ဒီပရက်ရှင် မီးခိုးမရှုနိုင်ဘူး
အမှားတွေ သင်ပေးတဲ့ ကျေးဇူးရှင်ကြီး
ဖျားတဲ့အခါ ရွှေပြည်နန်းနဲ့ ရောသောက်
ခြေဖဝါးအောက် မီးလောင်နေပြီ
မေးငေါ့ကြ ပြောကြ၊ ဆိုကြ
မီးဖိုမှာ မီးပျက်ရင်
မီးလည်း နာမည်ပျက်၊ မီးဖိုလည်း နာမည်ပျက်
ငွေဟာ အသက်ကို မဝယ်နိုင်ဘူး၊ ငွေဟာ အရှက်ကို မဝယ်နိုင်ဘူး
စီးကရက်တွေ ဦးခေါင်း တိုးဖွေ့နေ
မီးဟာမီးထဲ လောင်ကျွမ်းဖို့
မန်ယူအသင်းဟာ ရိုမန်တစ်မဟုတ်
ကျောန်ပါတ်အသစ် ဘယ်လောက်လဲ
နက်နဲသိမ်မွေ့ ယားယံလော့
သင်္ချိုင်းဂူဆိုတာ
မာလာမေ ခေတ္တ ရပ်ဆိုင်းထားတဲ့
အသက်ရှူသံပဲ။

ရယ်စရာ၊ ဩဂုတ်၊ ၂၀၀၆။

mgyoe.com

mgyoe.com



# ဒီဇင်ဘာ ဗဲလဒ်

သင့်ရဲ့ အင်္ဂါနေ့က စိတ်ဓာတ်နဲ့
မျက်လုံးအိမ်ကို မျက်ရည်နဲ့ဆေးကြော
ဗုဒ္ဓဟူးနေ့က ဗီဇကို
လေ့ကျင့်ခန်းမှန်မှန်လုပ်ပါ
ကြာသပတေးနေ့ ပွဲတော်မှာ
ပျော်ပျော်ပါးပါး မှတ်တမ်းတင်
စီးကရက်မီးခိုးငွေ့များ
ပေါင်းခံရည်အတုနဲ့ တစ်မိုးလုံးမှောင်
လက်ထပ်စာချုပ် ကျပ်သုံးထောင်
စနေနေ့မှာ မော်ကွန်းထိုးခဲ့ပြီ
ဘာတစ်ခုမှ ရစရာမရှိတဲ့
တနင်္ဂနွေနေ့ကတော့
အိပ်မက်တွေ စုတ်ပြတ်သတ်လို့
မြွေဟောက်တစ်ကောင်
စိတ်ညွတ်နူးမှုတွေ ပွစိထူအမ်း
ဖယောင်းပွင့်နှင့် ပြတ်စဲပြီးစီးခြင်း
ယခုလာမယ့် တနင်္လာနေ့မှာ...။

လှိုင်းသစ်၊ ဇွန်၊ ၂၀၁၁။

mgyoe.com

mgyoe.com



# တနင်္လာနေ့

တနင်္လာနေ့ရဲ့ အကြောင်းခြင်းရာများ
ဘယ်သူအတိအကျ သိပါသလဲ
သူပြန်လာတာ ပြီးဆုံးခဲ့သော တနင်္လာနေ့လား
မနက်ဖြန် တနင်္လာနေ့ အသစ် ရောက်ရှိလာမလား
ပင်လယ် ဆားပွင့် မုန်တိုင်းဆင့်လျက်
တောနှင့်တောင်တန်း ဖြတ်သန်းအသွယ်သွယ်
ထိတ်လန့်မြင်ဖွယ် မကောင်းအောင် ရုပ်ဆင်းယွင်းပျက်
တစ်ကိုယ်လုံးအနှံ့ ဒဏ်ရာတွေနဲ့
ခြံတံခါးရှေ့ အကြာကြီး ရပ်နေသူကို
အရိုးပြိုင်း ထီးတည်း တိတ်ဆိတ် အိမ်အိုဟောင်းကြီး
လုံးဝမမှတ်မိတော့ဘူး၊

ခြံထဲမှာ ခြုံနွယ်ပိတ်ပေါင်းတောထ
အုတ်စီရေတွင်းကြီး ပျက်စီးတိမ်ကော
ရေတွင်းသို့ ငုံ့ကြည့် မြည်တမ်းခေါ်ဆိုမိ၊
အမည်မသိ စာဆိုကြီးရေ
အမည်မသိ ရှေးဟောင်းစာဆိုကြီးရေ. . .
ဒဏ်ရာတွေ သပ်ချလိုက်တယ်
ဒီမှာ. . .ရေကန်သစ်တူးဖော်ဖို့
သွေးသစ်အင်အားတို့ သူနိုးခဲ့
ငယ်ရွယ်နုပျိုစေသော ရေစင်တစ်စက်
ရေကန်ကြီးထဲ ကြာပန်းတွေပွင့်လျက်
တနင်္လာနေ့။

မဟောသီ၊ ဇွန်၊ ၂၀၀၈။

mgyoe.com

mgyoe.com



# ကြောင်မလေးရေ

ငါဒီနေ့ နေမကောင်းဘူး
ဆံပင်တွေ ဖြီးသင်၊ ကြေးမုံ ပုံရိပ်ယောင်
အပျင်းပြေ ငါတို့ရုပ်ရှင်ကြည့်ကြ
ရောင်စုံဆလိုက်တွေ ငါဟာငါကို
ဓားမြှောင်သွားထဲ ကျည်ဆံထိုးထည့်
ငါဒီနေ့ နေမကောင်းဘူး အချစ်၊

နဂိုရေပျက်ယွင်း ငါ အရိပ်တွေရှည်ထွက်လာ
အစာသွတ် မုန့်တချပ်လို မုန်းခဲ့ရ
ငါ ဒီနေ့ နေမကောင်းဘူး အချစ်
လက်မောင်းသွေးစက် ပန်းပွင့်သံ
အိပ်မက်မှ မင်းအမည် ပင့်သက်အခါခါ ရှိုက်ခဲ့ရ
ငါ ဒီနေ့ နေမကောင်းဘူး၊

ရယ်မောသံတွေထက် နက်ရှိုင်းခဲ့
မဆုံဆည်းနိုင်သော စံပယ်ပွင့် (၃၄)
နှီးတစ်ဝက် (၆) အမှားသချာ
မျက်နှာပေါ် မင်းကုတ်ခြစ်တဲ့ သွေးစိုစို ဒဏ်ရာ
ကြောင်မလေးရေ... ငါဒီနေ့ နေမကောင်းဘူး၊

တိမ်တောက်တဲ့ အဝါရောင် ပန်းချီကား
သွေးစိမ်းစက်စက် စီးအန်လာတယ် ၁၁ ရာစု နန်းတော်ကြီး
ပလက်တီနမ် သတ္တုမြွန်းမောရ ကောင်းနိုးနိုး။

mgyoe.com

mgyoe.com



စိတ်ကူးတွေ အတော မသတ်နိုင်ဘူး
ငါဒီနေ့ နေမကောင်းဘူး အူဇီ၊

ညစာညို့ မီးကျွမ်း ဂစ်တာကြိုးမှာ ညှင်းခတ်
ဗလာထီးတည်း အူ ဘာရယ်မဟုတ်ပေဘူး
ပန်းကန်ပြားပျံတစ်စင်းစင်း တွေ့နိုးနိုး
ကောင်းကင်ကို မော့ကြည့်မိတယ်
ချစ်သူနဲ့ငါ အတောင်ပံတစ်ဖက်ဆီ
ငါဒီနေ့ နေမကောင်းဘူး အူဇီ၊

ရေတဒီးဒီးစီးနေပြီး တဒုတ်ဒုတ်ခုတ်မောင်းဆဲ သင်္ဘော
ရထားတစ်စင်းလုံး နာနာဘာဝ
ဘယ်သွားရမှန်းမသိ ခုန်တက်မိတယ်
တံခါးဟာ တကျွိကျွိမြည်
ငါ ဒီနေ့ နေမကောင်းဘူး အူဇီ၊

မြွေနဂါးကျွန်းပေါ် ဆုံစည်းကြ
အင်္ဂါဂြိုဟ်က ကောင်မလေး ကွကွ ကိုကို တရှဲရှဲ
သူပြောတဲ့ ဘာသာစကား ငါနားမလည်ဘူး
သို့သော်ငြား သူ့မျက်နှာပေါ်က
မသိခြင်းကိုသာ အားပါးတရ ငါဖတ်ရှု
ငါ ဒီနေ့ နေမကောင်းဘူး အူဇီ။

ရယ်စရာ၊ ဇန်နဝါရီ၊ ၂၀၀၅။

mgyoe.com

mgyoe.com



# ပုသိမ်အမြန်ညရထား

ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ချုပ်ရိုးဟောင်းပေါ်
စိတ်အလိုအတိုင်း ခုတ်မောင်းသွားတဲ့
ညရထား တစ်စင်းကွဲ့
အလွမ်းဟာ ပိန်းပိတ်မှောင် ဖြားယောင်းသွေးဆောင်မှုကြောင့်
မီးခိုးငွေ့တွေ လမ်းချော်ခဲ့တာပါ၊

သံတူရှင်း ပေါက်ချွန်း ပေါက်ပြားတွေ
အင်ဂျင်စက်ကို ပြန်နှိုး
ကုန်တင်တွဲများ ဝက်လိုအော်ကြ
ရွေးခံအက်ျီကြားက လက်မှတ်ခ
ကြွက်တစ်ကောင် ဖြတ်ပြေးသွား
မုန့်ဟင်းခါး တစ်ခွက်ထဲ နံနံပင်ထည့်ပါ
နံနံပင်ထဲမှာ လူစီးတွဲ မထည့်ပါနဲ့၊

အကြောဆွဲ တံတား
ဘင်လာဒင်အကြောင်း စဉ်းစားဆဲ
ရုတ်တရက် ဘတ်သီးငြိမ်းသွား
တောကြီး မျက်မည်း ဘူတာရုံကလေးဟာ တိတ်ဆိတ်လို့
သိုက်နန်း စံပယ်ရနံ့ စိတ်ပျံ့လွင့် ချောက်ချားဖွယ်၊

mgyoe.com

mgyoe.com


ရုံပိုင်တော့ ရုံပိုင်ပဲ ရထားမရှိတဲ့ ရုံပိုင်ကလေး
သူ့ကို နင်းဖြတ်သွားဖို့ အလံစိမ်းဝှေ့ဝှေ့ပြ
သံသရာ အထက်အောက် လွန်းထိုးပြီး
ချစ်သူ နယ်မြေ ဆွဲဆန့်
လရောင်ကို တကျိုက်ကျိုက် မော့သောက်
မျက်ရည်စတွေ ကွေ့ကောက်လို့
နောက်ကျခဲ့တာပါ၊

အဖြစ်အပျက်အားလုံးမေ့ပစ် အရှိန်မြှင့် အမြန်နှုန်း
မညှာမတာဆွဲဆောင့်
လမ်းဆုံးမြို့ကြီး ဆိုက်ရောက်ပေါ့ ပုသိမ်
တည်းခိုခန်းတစ်ခု မသတိဖွယ်
အိပ်မက်ဆိုးတွေ လုံးထွေး
ဘယ်တော့မျှားမှ အိမ်ပြန်ရောက်နိုးနိုး
သားမဆိုးခဲ့ပါဘူး မေမေ။

ပန်းအလင်္ကာ၊ မေ၊ ၂၀၀၇။

mgyoe.com

mgyoe.com



# မျက်လုံးညိုညို

မျက်လုံးညိုညိုဟာ
ရှေ့တန်းတိုက်စစ်မှူးတစ်ယောက်
ည ၂း၃၀ အဝေးကွင်းမှာ
မန်ယူဘက်က ဝင်ကစားတယ်၊

ဒီပွဲမှာ အောက်ကြေးအောင်တယ်
မနက်လင်းတော့ ရပ်ကွက်ထဲက
ငိုက်စိုက်၊ ငိုက်စိုက် ထွက်လာတာ
မျက်လုံးညိုညိုပဲ၊

လမ်းဆုံက မန်းဒဂုံဆိုင် ကျစိမ့်တစ်ခွက်မှာပြီး
လွှန်းထိုးနေတဲ့ ဘတ်စ်ကားတွေနဲ့
ပျားပန်းခတ်လူတွေကို
ငေးကြောင်ကြောင် တစိမ့်စိမ့်ထိုင်ကြည့်နေ၊

မျက်လုံးညိုညိုဟာ
တကယ်ဆိုရင် အိပ်ရေးမဝသေးဘူး
မိုးပေါ် မော့ကြည့်တော့လည်း ဇွန်ကြိုးတွေပြတ်နေ၊

မျက်လုံးညိုညိုဟာ
ထိုင်ခုံပေါ်က ရုတ်တရက်ထ
ယနေ့ထုတ် သတင်းစာတစ်စောင် ဝယ်ဖတ်တယ်
အို. . . ကြည့်စမ်း
မျက်လုံးညိုညိုမှာ
အညိုအမည်း ဒဏ်ရာတွေ မနည်းပါလား။

ဇက်ရှင်၊ မတ်၊ ၂၀၁၃။

mgyoe.com

mgyoe.com



# ညီမလေးကို မနက်ခင်းလို့ အမည်ပေး

ချစ်မိုးကြီးသည်းနေပုံက ရွှဲရွှဲစိုအောင် ရွာ
ကြွက်စုတ်ကြီးလည်း နားရွက်တွေ တဆတ်ဆတ်တုန်နေ
အို ဟိုမှာ ပန်းကလေး ချမ်းနေရှာပြီ
ပွင့်ချပ်တွေ ကြေမွ
အသည်းကွဲသူ အသည်းထပ်ကွဲ
အပေါက်ကြီး အောက်အထိ ဘယ်လောက်နက်သလဲ၊

နှင်းတွေ ဝေပြီလားကွယ်
မိုးနဲ့ဆောင်းနဲ့ စပ်ကျတဲ့ နွေစိုက်ခင်းကလေးကို
မရက်စက်ကြပါနဲ့
လမ်းအမှားထဲ ဘယ်ဝိုက်ညာဖြောင့်
လက်သီးတွေ ထိုးသွင်း
လက်ချောင်းတွေဆိုတာ အလုပ်လုပ်ဖို့
အားလုံး အကူအညီလိုတယ်၊

အချစ်ကို အချစ်ထဲမှာ မြှုပ်နှံခဲ့စဉ်က
အချိုအခါးမသိ တောင်းဆိုမှုတွေ သဲကြီးမဲကြီး
ခုမှ လာမချွဲနဲ့ မင်းမျက်လုံးများ
နေအရဏ်ကို မွေးဖွားပေးဖို့ အာရုံပြုကြစို့
တို့အားလုံး တင်းတင်းရင်းရင်း ရှိကြဖို့ပါပဲ။

**Family၊ ဇွန်၊ ၂၀၁၀။**

mgyoe.com

mgyoe.com



## ကာ့းတစ္စေ

သူ့နာမည်ကိုတက်တူးတဲ့
ဆေးမင်ကြောင် အနီအနက်တွေ
တစ်ကိုယ်လုံးအနှံ့ ရေးခြယ်ထား
အင်္ကျီကိုယ်တုံးလုံးချွတ်ကိုတက်တူးဟာ
နှယ်နှယ်ရရ မဟုတ် ယခင်က ကားပိုင်ရှင်တစ်ယောက်
ယခုတော့ ဆိုင်ပိုင်ရှင်ကြီးပေါ့၊

ဓိးချုပင် အုပ်မိုးထားတဲ့ အိမ်ဆီ
တိုးတိုးတိတ်တိတ် မိတ်ဆွေများရောက်လာကြ
နတ်ပြည်မှ အရက်ရှိ၊ မရှိ ငြင်းခုံကြ၊ ဝိုင်းဖွဲ့ကြ
တစ်ခါတလေ ဆိုင်မှာ ပစ္စည်းပြတ်နေ
မင်းတစ်ယောက်တည်း သောက်ပစ်သလား
မြည်တွန်တောက်တီးကြ အငေါ်တူးကြ၊

စကားစပ်မိတဲ့အခါမျိုးမှာ ၉၈၉ အကြောင်း
ကိုတက်တူးက ပြောပြောပြတယ်
ကာဖြူရေတာအထိုင်ကျ ဆွဲအားကောင်းတဲ့
သုံးတန်တင်ကားကြီးတစ်စီးအကြောင်း
စေ့စေ့ကြည့်လေ ကြောက်စရာကောင်းလေ

mgyoe.com